# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 5, 2019 Volume 25, Number 3


**၅.၁၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၁၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၁၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၃/- ကျပ် |
| CBM Rate | = ၁၅၁၂.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၃.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၇.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၉.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၆.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၉၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၀၈၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## အပြည်ပြည်ဆိုင်ရာငါးလေလံဈေးအတွင်းရှိ ညငါးဈေးမှာ ရောင်းသူ၊ဝယ်သူများအကြား အဆင်ပြေနေပြီး ထိုထက်ပိုမိုကောင်းမွန်အောင် အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသင့်ကြောင်း ဈေးသည်များနှင့်လေ့လာသူများ ပြောကြား



မြိတ်မြို့အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးအတွင်းရှိ ညငါးဈေးမှာ ရောင်းသူ၊ ဝယ်သူများအကြားအဆင်ပြေနေပြီး ထိုထက်ပိုမိုကောင်းမွန်အောင် အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသင့်ကြောင်း ဈေးသည်များနှင့် လေ့လာသူများက ပြောကြားသည်။

မြိတ်မြို့ အင်းလေးမြိုင်ရပ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာအဆင့်မီ ငါးလေလံဈေးသို့ ညငါး ဈေးရောင်းချသူများအနေဖြင့် ပြောင်းရွှေ့လာပြီး ငါးအရောင်း၊အဝယ် စတင်ပြုလုပ်နေပြီဖြစ်ရာ ကျွန်းစုမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဘုတ်ပြင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ လာရောက်လေ့လာခဲ့ပြီး အရပ်ဖက်အဖွဲ့အစည်းများလည်း လာရောက်လေ့လာကာ တိုင်းအစိုးရအနေဖြင့် ပိုမိုကောင်းမွန်အောင်သာ ကူညီဆောင်ရွက်ရန် ကျန်တော့ကြောင်း သုံးသပ်ပြောကြားသည်။ အမှန်တိုင်း ပွင့်ပွင့်လင်းလင်းပြောရရင် ဒီလိုငါးဈေးပေါ်လာဖို့ အင်မတန်မှလိုလားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တနင်္သာရီတိုင်း လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဒီလုပ်ငန်းကို မှီခိုနေရတာပါ။ ဒါပေမဲ့အများစုက ထိုင်းနိုင်ငံကိုပဲ တင်ပို့ရောင်းချနေတာတွေ့ရတယ်။ အခုချိန်မှာ အမေရိကန်ကလည်း ထိုင်းနိုင်ငံရဲ့ငါး တင်ပို့ရောင်းချမှုအခွန်နှုန်းထား လျှော့ချမှုကို ကန့်သတ်လိုက်ပြီဖြစ်တဲ့အတွက် ထိုင်းနိုင်ငံရဲ့ အခက်အခဲ

သည် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အချက်အချာကျတဲ့ လုပ်ငန်းစဉ်အဖြစ်ရောက် လာနိုင်တယ်လို့ မျှော်မှန်းထားပါတယ်။ အဲဒါကြောင့်ငါးဈေးဟာ အောင်မြင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်မှန်းထားပါတယ်။ ငါးဈေးကွက်ဖြစ်လာနေတာကို ဒီညငါးဈေးကို ဒီထက်ပိုပြီးကောင်းမွန်လာအောင် ရေ၊ မီး အဆင်ပြေရဲ့လား။ သူတို့ပိုပြီးအဆင်ပြေလာအောင် ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး ဆောင်ရွက်ပေးမလဲ။ အဲဒါတွေကိုစဉ်းစားသင့်သလို လာရောက်ရောင်းချနေတဲ့လုပ်ငန်းစဉ်ဖြစ်မြောက်အောင် နိုင်ငံတော်အဆင့်ဖြစ်သွားအောင် အခွန်နှုန်းထားကိုတောင်မှလျှော့ချပေးပြီး ပိုမိုလာရောက်ရောင်းချအောင် ဆွဲဆောင်သွားရမှာပါ။ ကျွန်တော်သာဆိုရင် အဲဒီအတိုင်းလုပ်သွားမယ်။ နိုဝင်ဘာလ ၂၂ နှင့် ၂၃ ရက်မှာ နိုင်ငံတော်အတိုင်ပင်ခံလာပြီး စီးပွားရေးဖိုရမ်လုပ်မယ်ဆိုပြီး သတင်းတွေရထားတာရှိတယ်။ အဲဒီဖိုရမ်မတိုင်မီမှာ ရေလုပ်ငန်းနှင့်ပတ်သက်ပြီး ရုပ်ပြကောင်းဖို့ အားလုံးလာရောက်လေ့လာနိုင်အောင် ပိုမိုကောင်းမွန်အောင်လုပ်ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ အလားအလာကောင်းတစ်ခုကို လုပ်ဆောင်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်ဟု တနင်္သာရီတိုင်းရေလုပ်ငန်းမိတ်ဖက်အဖွဲ့မှ ဦးတင်ကိုကိုဦးကပြောကြားသည်။

ညငါးဈေးမှာယခင်က ရပ်ကွက်အများအပြားတွင် ရွှေ့ပြောင်းရောင်းချနေခဲ့ရကာ အခက်အခဲအမျိုးမျိုးနှင့်ရင်ဆိုင်ခဲ့ရပြီး ယခုအခါ ငါးလေလံဈေးအတွင်း အဆင်ပြေစွာရောင်းချနိုင်သည့် အနေအထားဖြစ်လာကြောင်း၊ အပြည်ပြည်ဆိုင်ရာ အဆင့်မီငါးလေလံဈေးမှာ MIC တွင် ဒေါ်လာသန်း ၇၀ ရင်းနှီးမြှုပ်နှံခွင့်ရထားပြီး၊ လက်ရှိအချိန်တွင် ဒေါ်လာ ၁၀ သန်းရင်းနှီးမြှုပ်နှံထားပြီး နောက်ထပ် ရင်းနှီးမြှုပ်နှံငွေလွှဲယူရန် ပြည်ထောင်စုအဆင့်တွင် ကြန့်ကြာမှုများ ဖြစ်ပေါ်နေကြောင်းသိရသည်။

ပြည်ထောင်စုအဆင့်မှ ရင်းနှီးမြှုပ်နှံမှုငွေကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါက တရားမဝင်ငါးဖမ်းဆီးမှုများ ပပျောက်သွားနိုင်ခြင်း၊ နိုင်ငံတော်မှအခွန်အခများစွာ ရရှိလာနိုင်ခြင်း ၊ တရားဝင်ရေထွက်ကုန်များကို ကုန်ချိန်တိကျမှန်ကန်စွာဖြင့် တင်ပို့လာနိုင်ခြင်း၊ ပြည်ပမှအဝယ်လက်များ ငါးလေလံဈေးသို့ လာရောက်လေလံဆွဲခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများစွာလည်း ပြည်တွင်းတွင်ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း လေ့လာသူများက ပြောကြားလျက်ရှိသည်။

**Source:** https://news-eleven.com/article/143872

## အိန္ဒိယ၏ ပဲမျိုးစုံဆိုင်ရာသွင်းကုန်ကန့်သတ်ချက်များအပေါ် WTO အဖွဲ့ဝင်နိုင်ငံများက မေးခွန်းများထပ်မံမေးမြန်း

အိန္ဒိယ၏ ပဲမျိုးစုံဆိုင်ရာသွင်းကုန်ကန့်သတ်ချက်များအပေါ် WTO အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ ကနေဒါ၊ အမေရိကန်နှင့်ရုရှတို့က မေးခွန်းများထပ်မံမေးမြန်းထားကြောင်း (၂၉.၁၀.၂၀၁၉) ရက်ထုတ် The hindu businessline သတင်းစာ မျက်နှာ၌ ဖော်ပြထားပါသည်။ WTO ၏ စိုက်ပျိုးရေးကော်မတီအစည်းအဝေးကို အောက်တိုဘာ ၃၀-၃၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ အိန္ဒိယအနေဖြင့် ပဲတင်သွင်းမှုနှင့်စပ်လျဉ်း၍ ယာယီခွဲတမ်းသတ်မှတ်ချက်များ “temporay quotas ”များကို သတ်မှတ်ဖော်ဆောင်ခဲ့သည်မှာ (၂)နှစ်အထက် ကျော်လွန်လာပြီဖြစ်ကာ ကမ္ဘာ့ကုန်သွယ်ရေးစည်းမျဉ်းအရ မည်သို့ ဆောင်ရွက်သည်ကို အကျိုးသင့်အကြောင်းသင့်ရှင်းလင်းစေလိုပြီး၊ လာမည့် ၂၀၂၀ ခုနှစ်၊ မတ်လ(၃၁) ရက်တွင် သက်တမ်းကုန်ဆုံးသည်နှင့်တစ်ပြိုင်နက် အဆိုပါကန့်သတ်ချက်များအား ဖယ်ရှားမည်လားကို အိန္ဒိယအနေဖြင့် ရှင်းလင်းဖြေကြား ပေးစေလိုသည်ဟု မေးမြန်းထားကြောင်းသိရှိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၏ သကြားပို့ကုန်မူဝါဒများ၊ နို့ထွက်ပစ္စည်းဆိုင်ရာ ဈေးငွေများ၊ ဆန်ပို့ကုန်များနှင့် ဂျုံဝယ်ယူသည့် ဈေးနှုန်းများနှင့်စပ်လျဉ်း၍လည်း အဖွဲ့ဝင်နိုင်ငံများက မေးခွန်းများမေးမြန်းခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယ၏ပဲတင်သွင်းမှု ခွဲတမ်းသတ်မှတ်ချက်နှင့်စပ်လျဉ်းသည့် မူဝါဒများအပေါ် ဩစတြေးလျကမေးခွန်းများ အကြိမ်ကြိမ်ထုတ်ခဲ့သော်လည်း အိန္ဒိယက ယင်းတို့နှင့်စပ်လျဉ်း၍ တစ်ကြိမ်တစ်ခါမျှ ပြန်လည်ဖြေကြားခဲ့ခြင်းမရှိကြောင်း၊ ကနေဒါကလည်း ပဲလုံးတင်သွင်းခွင့် နောက်ဆုံးသတ်မှတ်ရက်အား ၂၀၂၀ ခုနှစ်၊ မတ်လ (၃၁)ရက်အစား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်သို့ ပြောင်းလဲခဲ့ခြင်းကြောင့် စိုးရိမ်ပူပန်သည်ဟုပြောကြားခဲ့ကြောင်း၊ အမေရိကန်ကလည်း မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲလုံးသွင်းကုန်များအပေါ် ကန့်သတ်ကာလသက်တမ်းကုန်ဆုံးမည့် ၂၀၂၀ ခုနှစ်၊ မတ်လ (၃၁)ရက်နောက်ပိုင်းတွင် အိန္ဒိယအစိုးရအနေဖြင့် မည်သည့်အပြောင်းအလဲများ ဆက်လက်ဖော်ဆောင်မည်ကို သိရှိလိုသည်ဟု မေးမြန်းထားကြောင်း၊ အဖွဲ့ဝင်များ၏ မေးမြန်းချက်များအပေါ် ကျေနပ်လောက်အောင် ဖြေကြားနိုင်ခြင်းမရှိပါက နောင်တွင် အငြင်းပွားမှုပုံစံမျိုးအထိ ဖြစ်လာနိုင်ချေရှိကြောင်းသိရှိရပါသည်။ အိန္ဒိယသည် ကမ္ဘာပေါ်တွင် ပဲအများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်ပြီး၊ ကမ္ဘာ့စိုက်ပျိုးမှု၏ (၃၄%)၊ ကမ္ဘာ့ထုတ်လုပ်မှု၏ (၂၄%)ထိ ပါဝင်နေကြောင်း၊ ကမ္ဘာ့ပဲစဉ်းငုံစိုက်ဧရိယာ၏ (၉၀%)၊ ကုလားပဲလုံးဖြူစိုက်ဧရိယာ၏ (၇၅%) နှင့် ပဲနီလေးစိုက်ဧရိယာ၏ (၃၄%)တို့သည် အိန္ဒိယနိုင်ငံတွင်ရှိကြောင်း၊ မြန်မာသည် ကမ္ဘာပေါ်တွင် ပဲဒုတိယအများဆုံး စိုက်ပျိုးသည့်နိုင်ငံဖြစ်ကာ ၎င်း၏ နောက်တွင် ကနေဒါ၊ တရုတ်၊ နိုင်ဂျီးရီးယား၊ ဘရာဇီးနှင့် ဩစတြေးလျနိုင်ငံတို့ဖြစ်ကြောင်း သိရှိရသည်။

**Source: စီးပွားရေးသံမှူး-အိန္ဒိယ**

## ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသဘော်တင်ပို့မှုမြှင့်တင်ရန် ယခုနှစ်အတွက် နောက်ဆုံးအနေဖြင့်ကျိုးပမ်းလျှက်ရှိခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Jurin Laksanawisit က ယခုနှစ် အတွက် ထိုင်းကုန်အမှတ်တံဆိပ်များနှင့် ဝန်ဆောင်မှုများကို အဓိကပို့ကုန်ဈေးကွက်(၁၀)ခု၌ မြှင့်တင်ဆောင်ရွက်သွားရန် သံမိဌာန်ချမှတ်ထားကြောင်း ပြောကြားပါသည်။ စားသောက်ကုန်၊ ကျန်းမာရေးဝန်ဆောင်မှု၊ ဆောက်လုပ်ရေး၊ လက်လီလုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဖျော်ဖြေရေးနှင့်ဟိုတယ်လုပ်ငန်းများကို အဓိကဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့ကကျင်းပခဲ့သော ပုဂ္ဂလိကနှင့်အများပြည်သူဆိုင်ရာပူးပေါင်းဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး Mr.Jurin Laksanawisit ကပြောကြားခဲ့ခြင်းဖြစ်ပါသည်။ Mr.Jurin က အစည်းအဝေးတွင် ထိုင်းအမှတ်တံဆိပ်များကို ပြည်ပသို့တင်ပို့မှုတိုးမြှင့်နိုင်ရေးအတွက် တရုတ်၏ TMalle နှင့် Alibaba တို့အပါအဝင် အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားတို့ရှိ E-Commerce အပါအဝင် အွန်လိုင်းနှင့်အော့ဖ်လိုင်းပလက်ဖေါင်းများကတစ်ဆင့် တိုးမြှင့်တင်ပို့ရန်သဘောတူခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ဝန်ကြီးဌာနအနေဖြင့် SMEs များနှင့်အစပျိုးလုပ်ငန်းများကိုအထောက်အပံ့ပေး၍မြှင့်တင်ရန် သဘောတူခဲ့ပါသည်။ အလားတူ ကမ္ဘာတစ်လွှားရှိ ထိုင်းကုန်သွယ်ရေးစင်တာများမှ ညွှန်ကြားရေးမှူးများကိုလည်း တိုင်းနှင့် ပြည်နယ်တစ်ခုခြင်း၏ ပို့ကုန်ဈေးကွက်များအပေါ် အာရုံစိုက်ကြရန်နှင့် ထိုင်းသဘော်တင် ပို့သူများအတွက် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလေ့လာကြရန် အမိန့်ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။ ဝန်ကြီးဌာနအနေဖြင့် တရုတ်၊ အိန္ဒိယ၊ တူရကီ၊ ဂျာမနီ၊ သိရီလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ အရှေ့အလယ်ပိုင်း၊ တောင်အာဖရိက၊ ဗြိတိန်နှင့်ဥရောပစသည့် အလားအလာရှိသော ဈေးကွက်များအပေါ် အာရုံစိုက်လျက်ရှိ ကြောင်း၊ ပို့ကုန်မြှင့်တင်ရန်ဝန်ကြီးဌာနက ကတိပြုသော်လည်း ထိုင်းကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Sanan Augubolkul က ပုဂ္ဂလိက အနေဖြင့် ယခုနှစ်အတွက် သဘော်တင်ပို့မှုမှာ (၁.၅%)ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်းပြောကြားခဲ့ပါသည်။ ၎င်းက ဘတ်ငွေ တန်ဖိုးမြင့်တက်မှုက ပို့ကုန်အပေါ်သက်ရောက်စေသည့် အချက်တစ်ခုဖြစ်ကြောင်း ကိုးကားပြောကြားခဲ့ပါသည်။ ဘတ်ငွေတန်ဖိုးမြင့်တက်မှုက စီးပွားရေးအပေါ်သက်ရောက်မှု ရှိသောကြောင့် ပို့ကုန်တင်ပို့သူများအနေဖြင့် ငွေကြေးတန်ဖိုးကျဆင်းနေသော အခြားနိုင်ငံများကို ယှဉ်ပြိုင်နိုင်ခြင်းမရှိကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ကုန်သွယ်မှု မူဝါဒနှင့်မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် Pinchanok Vonkorpon က တတိယ(၃)လ ပတ်အတွင်း ပို့ကုန်တင်ပို့မှုကျဆင်းနိုင်ကြောင်း၊ နောက်ဆုံး(၃)လပတ်တွင် မော်တော်ကားနှင့်အစိတ်အပိုင်းများ၊ လျှပ်စစ်ဆားကစ်များအား အမေရိကန်၊ တရုတ်နှင့် ဂျပန်နိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ဖွယ်ရှိကြောင်းပြောကြားခဲ့ပါသည်။ သို့ရာတွင်ဖြစ်ပွားနေဆဲ တရုတ်-အမေရိကန်ကုန်သွယ်ရေး စစ်ပွဲ၊ ဘတ်ငွေမြင့်တက်မှု၊ Brexit ကိစ္စတို့ကြောင့် မြင့်တက်လာဖွယ်မရှိကြောင်း သူမကပြောကြားခဲ့ပါသည်။ ယခုနှစ်လက်ကျန်(၂)လအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တစ်လလျှင်ပို့ကုန်အား ပျမ်းမျှ အမေရိကန်ဒေါ်လာ(၂၂)ဘီလီယံရရှိစေရေးပုဂ္ဂလိကနှင့်နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အကယ်၍ အဆိုပါမျှော်မှန်းထားသည့် ကိန်းဂဏန်းအတိုင်းရရှိပါက ယခုနှစ်အတွက် ပို့ကုန်ကျဆင်းမှုမှာ (၁%)သာရှိနိုင်မည်ဖြစ်ကြောင်း (သို့မဟုတ်) တိုးတက်မှု (၀%) သာရှိလိမ့်မည်ဟု ပြောကြားခဲ့ပါသည်။ ကုန်သွယ်မှုမူဝါဒနှင့် မဟာဗျူဟာရုံးအနေဖြင့် တိုင်းပြည်၏ ပို့ကုန်တင်ပို့မှုမှာ ယခုနှစ်အတွက်(၃%)အထိ ကျဆင်းနိုင်ဖွယ်မရှိဟုယုံကြည်ထားပါသည်။ ပထမ(၉)လအတွက် ပို့ကုန်တင်ပို့မှုမှာ နှစ်အလိုက်တွင် (၂.၁၁%)ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ(၁၈၇)ဘီလီယံတင်ပို့နိုင်ခဲ့ပြီး၊ သွင်းကုန်တင်သွင်းမှုမှာ (၃.၆၈%) ကျဆင်းခဲ့ပြီး စုစုပေါင်းတင်သွင်းမှု အမေရိကန်ဒေါ်လာ(၁၇၉)ဘီလီယံရှိခဲ့ကာ ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ (၇.၃၈)ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-အိန္ဒိယ**

## မောင်တောနယ်စပ်ကုန်သွယ်ရေးမှ အများဆုံးပို့ကုန်မှာ ကြက်သွန်နီဖြစ်လာပြီး အောက်တိုဘာလအတွင်း ကြက်သွန်နီ အမေရိကန်ဒေါ်လာခုနစ်သိန်းနီးပါးဖိုးခန့် တင်ပို့

မောင်တောနယ်စပ်ကုန်သွယ်ရေးမှ အများဆုံးပို့ကုန်မှာ ကြက်သွန်နီဖြစ်လာပြီး၊ အောက်တိုဘာလအတွင်း ကြက်သွန်နီ အမေရိကန်ဒေါ်လာ ခုနစ်သိန်းနီးပါးဖိုးခန့်တင်ပို့ခဲ့ရကြောင်း မောင်တောနယ်စပ် ကုန်သွယ်ရေး စခန်းမှ သိရသည်။ စက်တင်ဘာလက ဘင်္ဂလာဒေ့ရှ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၉၉၅၀ ဖိုး ကြက်သွန်နီတန်ချိန် ၁၈၀ တင်ပို့နိုင်ခဲ့ သော်လည်း အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၆၉၆၆၀၀ ဖိုး ကြက်သွန်နီတန်ချိန် ၁၁၇၅ အထိတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ မောင်တောနယ်စပ်ကုန်သွယ်ရေးမှ အောက်တိုဘာလအတွင်း ဒုတိယအများဆုံးပို့ကုန်မှာ ငါးမြစ်ချင်းဖြစ်ပြီး ၃၁၉ တန် အမေရိကန် ဒေါ်လာ ၂၉၄၃၅၅ ဖိုးတင်ပို့ခဲ့ကြောင်းနှင့် တတိယအများဆုံးပို့ကုန်ဖြစ်သည့် ငါးခြောက် ၄၆ တန်၊



အမေရိကန်ဒေါ်လာ ၂၈၉၃၅ ဖိုးတင်ပို့ခဲ့ကြောင်း၊ မောင်တော နယ်စပ်ကုန်သွယ်ရေး စခန်းမှသိရသည်။ ကြက်သွန်ကတော့ တစ်နေ့ကိုစက်လှေသုံးစင်းလောက် ပို့နေရတယ်။ တစ်ခါတလေ ငါးစင်းအထိထွက်တယ်။ တန်ချိန်ကတော့ နိုဝင်ဘာ ၃ ရက်နေ့ကဆိုရင် ၇၅ တန်လောက်ပို့ရတယ်။ ပုံမှန်တော့မရှိဘူး။ နယ်စပ်ကိုလည်း ကြက်သွန်ကားတွေ နေ့တိုင်းအဝင်ရှိနေတယ်။ အောက်တိုဘာလမှာတော့ ကြက်သွန်နီတင်ပို့မှုက အများဆုံးဖြစ်ပြီးတော့ တန်ချိန် ၁၀၀၀ ကျော်တင်ပို့ခဲ့ရတယ်ဟု မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးသာထွန်းစိန် က ပြောကြားသည်။

လက်ရှိတွင် မောင်တောနယ်စပ်ကုန်သွယ်ရေးဆိပ်ကမ်းမှ တစ်နေ့လျှင် ကြက်သွန်နီတန်ချိန် ၄၀ မှ ၈၀ အထိတင်ပို့နေခြင်း ဖြစ်ကြောင်းသိရသည်။ မောင်တောနယ်စပ်သို့ ကြက်သွန်နီအဝင်ရှိနေသော်လည်း ဈေးနှုန်းမြင့်တက်လာပြီး အောက်တိုဘာလတွင် တစ်ပိဿာ ကျပ် ၁၅၀၀ ရှိခဲ့ရာမှ နိုဝင်ဘာလဆန်း တွင် ၂၀၀၀ ကျော်အထိ မြင့်တက်လာကြောင်းသိရသည်။ အလားတူ စစ်တွေနယ်စပ်ကုန်သွယ်ရေးမှ ကြက်သွန်နီအများပြားတင်ပို့နေကြောင်းသိရသည်။

**Source:** https://news-eleven.com/article/143863

## လက်ရှိအစိုးရလက်ထက် အသေးစားနှင့်အငယ်စားလုပ်ငန်းများတိုးတက်ရန် ရောင်နီသန်းလာ



လက်ရှိအစိုးရလက်ထက်တွင် ထိတွေ့ဆက်ဆံမှုများ ပိုမိုကောင်းမွန်လာပြီး အသေးစားနှင့်အငယ်စားလုပ်ငန်းများ တိုးတက်ရန် ရောင်နီသန်းလာကြောင်း ရန်ကုန်တိုင်း အသေးစားနှင့်အငယ်စားလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးမင်းသူက နိုဝင်ဘာ ၃ ရက်တွင်ပြောသည်။ ကျွန်တော်တို့ပြောတာကိုလည်း သူတို့ နားထောင်တယ်။ သူတို့ပေးရမယ့် အခွင့်အရေးကိုလည်း ကျွန်တော် တို့ဆီရောက်အောင် ဆောင်ရွက်ပေးတယ်။ ကြားမှာခုခံတာတွေ သိပ်မရှိတော့ဘူး။ ဒုညွှန်ချုပ်လောက်အဆင့်ကို တိုက်ရိုက်ဆက်သွယ်ပြီး အခက်အခဲတွေကိုတင်ပြနိုင်တဲ့ ဆက်သွယ်ရေး လမ်းကြောင်းတွေပွင့်လာတယ်ဟု ၎င်းကပြောသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ အစိုးရမှ ဦးဆောင်ပြုလုပ်ခဲ့သည့် SME နှင့် MSME လုပ်ငန်းပြပွဲပြိုင်ပွဲများအား တိုင်းဒေသကြီးများ၌ပြုလုပ်ခဲ့ပြီး ယခင်က မည်သည့်အခွင့်အရေးမှ မရနိုင်ခဲ့သည့် လုပ်ငန်းငယ်များ ယင်းပြပွဲပြိုင်ပွဲများ၌ ပြိုင်ပွဲဝင်လာ နိုင်သည့် အတွက် ငွေကြေးအရမဟုတ်သော်လည်း စိတ်ကျေနပ်မှုရရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။ အချို့ထောက်ပံ့မှုတွေကို အစိုးရဘက်ကနေ ကျွန်တော်တို့ရလာတယ်။ ငွေကြေးဆိုင်ရာ မရသည့်တိုင်အောင် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကူညီတယ်ဆိုတာကတော့ ခံစားရတယ်။ အစိုးရပိုင်းရဲ့ ပံ့ပိုးကူညီမှုတွေ ထဲထဲဝင်ဝင်ရှိတယ်ဟု ဦးမင်းသူကပြောသည်။

SME နှင့် MSME လုပ်ငန်းရှင်များမှာ အသွင်ကူးပြောင်းရေးကာလတွင် ရှေ့တန်းမှပါဝင်နေပြီး ဆင်းရဲမှုလျှော့ချရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးရေးတို့အတွက်လည်း အရေးပါနေသည်။ အဆိုပါလုပ်ငန်းများကို ခေတ်နှင့်အညီ နည်းပညာသစ်များ၏ အခွင့်အလမ်းများရရှိရေးနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများကို စီမံပေးလျက်ရှိကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာ ၂ ရက်တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ကျင်းပသည့် အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/130462.html

## ခရမ်းချဉ်ကို တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးခြင်းက အထွက်နှုန်းကောင်းသည့်အပြင် ဈေးကောင်းလည်းရရှိနေ




မင်းဘူးမြို့နယ်အတွင်း၌ ခရမ်းချဉ်စိုက်ပျိုးခြင်းကို မိရိုးဖလာနည်းထက် တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးခြင်းက အသီးများအထွက်နှုန်းတိုးသည့်အပြင် ဈေးကောင်းလည်းရရှိနေကြောင်းသိရသည်။ မင်းဘူး(စကု) မြို့နယ်ရှိ ကျေးရွာများဖြစ်သော ကျောက်တန်း၊ ရေမြက်၊ ပေါက်ပင်တွင်း၊ ရေတွင်းကုန်းကျေးရွာများက တောင်သူများ ခရမ်းချဉ်စိုက်ပျိုးခြင်းကို အဓိကအမှီပြု၍ စိုက်ပျိုးကြကြောင်းသိရသည်။ အဆိုပါ တိုင်ထောင်စနစ်မှာ ရာသီဥတုဒဏ်ကိုခံနိုင်ပြီး အထွက်နှုန်းကောင်းမွန်သလို သီးထိုးပိုး သီးစားပိုးကျနည်းကြောင်း၊ ရေတွင်းကုန်းကျေးရွာက ခရမ်းချဉ်စိုက်ပျိုးသည့် တောင်သူဦးဇော်ထူးကပြောသည်။ အခုနှစ်က မိုးအရမ်းများတာ သိပ်မရှိတော့အပျက်အစီးမရှိကြဘူး။ မိုးအရမ်းများလွန်းရင် ခရမ်းချဉ်ရော၊ ငရုတ်ရော၊ ပန်းမျိုးစုံပါ ရေထွက်ပေါက်မရှိတော့ ပျက်တာမျိုးကြုံဖူးတယ်။ တော်ရုံမိုးလောက်ကတော့ ရေဖောက်ထုတ်ရင် ပျက်စီးတာမရှိပါဘူး။ ခရမ်းချဉ်သီးစတင်ပေါ်ချိန်၌ တစ်ရက်လျှင် ပိဿာ ၃၀ ကျော်ဝင် သေတ္တာ အလုံး ၂၀၀ ခန့် မင်းဘူးနှင့် မကွေးဈေးများရှိ လက်ကားအရောင်းဆိုင်များက နေ့စဉ်လာရောက်ဝယ်ယူကြကြောင်းသိရသည်။ အဆိုပါ ကျေးရွာများရှိ ယာခင်းများတွင်စိုက်သည့် ကုန်းခရမ်းချဉ်သီးမှာအထွက်နည်းလာသဖြင့် မြေနုကျွန်းတွင်စိုက်သည့် ခရမ်းချဉ်သီး ပေါ်ဦးစ၌ ဈေးကောင်းရခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါကျေးရွာ၌တောင်သူများက မိုးရာသီနှင့်ဆောင်းရာသီကို အဓိကအားထား၍ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ ခရမ်း၊ ဘူးနှင့် ပန်းမျိုးစုံများ စိုက်ကြသည့်အပြင် တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးသည့် ခရမ်းချဉ်စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေ၍ စီးပွားရေးအဆင်ပြေကြကြောင်းသိရသည်။

ရေမြက်ရွာမှ တောင်သူဦးဝင်းသောင်က ကျွန်တော်တို့ အရင်တစ်နှစ်က ခရမ်းချဉ်ကို ဒီအတိုင်း စိုက်ခဲ့ကြတယ်။ အပင်ဖြစ်ထွန်းတာပဲရှိတယ်။ အသီးအထွက်နှုန်းကသေးတယ်။ ဈေးလည်းအရနည်းတယ်။ မနှစ်ကစပြီး စိုက်ပျိုးရေးပညာရှင်တွေရဲ့နည်းပေးတဲ့အတိုင်း တိုင်ထောင်စနစ်နဲ့ စိုက်ပျိုးကြည့်တယ်။ အပင်ဖြစ်တာ၊ အသီးသီးတာကအစ ကွာခြားတာ တွေ့ရတယ်။ မနှစ်က ဈေးကောင်းမရတော့ အရင်းပဲရတယ်ဟုပြောသည်။ ယခင်နှစ်များက ခရမ်းချဉ်ကို မိရိုး ဖလာအတိုင်း စိုက်ပျိုးခဲ့သဖြင့် အပင်ဖြစ်ထွန်းအောင်မြင်ခဲ့သော်လည်း အသီးအထွက်နည်းပြီး အပင်ကျမြန်ခဲ့ကြောင်း၊ ထို့နောက် စိုက်ပျိုးရေးပညာရှင်များက နည်းပေးလမ်းပြခြင်း၊ တိုင်ထောင်စနစ်ဖြင့် ညွှန်ကြားပြသပေးခြင်းတို့ကြောင့် တိုင်ထောင်နည်းကို အသုံးပြုလာကြကြောင်းဆိုသည်။ တိုင်ထောင်စိုက်သည့် ခရမ်းချဉ်က ပျိုးစထောင်သည့် ရက်ကစပြီး ၂၅ ရက် အတွင်း အပင်ခွဲ၍ စိုက်နိုင်ပြီး ၄၅ ရက်အတွင်း အသီးခူးဆွတ်နိုင်ကြောင်းသိရသည်။ ထို့ပြင် တောင်သူများ စိုက်နည်းပျိုးနည်းကို စနစ်တကျနားလည်စေရန် ခရိုင်စိုက်ပျိုးရေးတာဝန်ခံက ရှင်းပြပေးကြောင်းသိရသည်။ ရေတွင်းတူးပြီး ရေစုပ်စက်နဲ့ ရေသွင်းပေးတယ်။ နှစ်ရက်ခြားတစ်ခါ ဆွတ်ရတယ်။ တစ်ခါဆွတ် ပိဿာ ၂၀၀ လောက်ရတယ်။ စလုပ်ခါစ ကတော့ စိုက်ခင်းထဲမှာကို တစ်ပိဿာကျပ် ၁၄၀၀ အထိ ရောင်းရတယ်။ တချို့က အိမ်မှာလက်ကားလာယူကြတယ်ဟု ရေတွင်းကုန်းကျေးရွာက တောင်သူဦးထွန်းထွန်းဝင်းကပြောသည်။ မင်းဘူး (စကု) မြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က မိုးသီးနှံများ စိုက်ပျိုးထွက်ရှိမှု အခြေအနေဇယားအရ စားဖိုဆောင်သီးနှံစိုက်ဧက ၁၂၀ နှင့် ဟင်းသီးဟင်းရွက်ဧကပေါင်း ၄၂၅၀ စိုက်ပျိုးခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စားဖိုဆောင်သီးနှံစိုက်ဧက ၁၃၇ ဧကနှင့် ဟင်းသီးဟင်းရွက်ဧကပေါင်း ၄၂၅၀ လျာထားသော်လည်း ဧက၆၀၀ ကျော်သာ စိုက်ပျိုးနိုင်သေးကြောင်း စိုက်ပျိုးရေးဦးစီးဌာနထံမှသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8184162

## ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုလျော့ကျစေရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်စေရေးတို့အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မြစ်တွင်းကုန်သေတ္တာ ပို့ဆောင်ရေးလုပ်ငန်းတွင် ရေယာဉ်အစင်းရေ တိုးချဲ့ပြေးဆွဲ



ရန်ကုန်မြို့၏ ယာဉ်ကြောကြပ်တည်းမှု လျော့ချစေရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်စေရေးတို့အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မြစ်တွင်းကုန်သေတ္တာပို့ဆောင်ရေး လုပ်ငန်းတွင် ရေယာဉ်အစီးရေ တိုးချဲ့ပြေးဆွဲခဲ့ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သတင်းရရှိသည်။ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ မြစ်တွင်းကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်း ကိုတိုးချဲ့ပြေးဆွဲနိုင်ရန်အတွက် ဒလသင်္ဘောကျင်းတွင် ဘ-၈၀၉ တွဲယာဉ်ကို ကုန်သေတ္တာတင်တွဲယာဉ်အဖြစ် ပုံစံပြုပြင်ပြောင်းလဲတည် ဆောက်ခဲ့ရာ ပြီးစီးခဲ့ပြီဖြစ်သဖြင့် တွင်းရေယာဉ်ဆင်ဟိုင်း ၁ နှင့်အတူ ကုန်သေတ္တာတင်တွဲယာဉ် တ-၁၅၀၂ ဖြင့်တစ်စုံ၊ တွန်းရေ ယာဉ်ဆင်ဟိုင်း- ၆ နှင့်အတူ ကုန်သေတ္တာတွဲယာဉ် ဘ-၈၀၉ ဖြင့် တစ်စုံ၊ စုစုပေါင်းကုန်သေတ္တာ သယ်ယူပို့ဆောင်ရေးယာဉ်နှစ်စုံဖြင့် ထပ်မံတိုးချဲ့ပြေးဆွဲနေကြောင်း သိရသည်။ ရန်ကုန်မြစ်အတွင်း သီလဝါ MITT ဆိပ်ကမ်းမှ ရွှေပြည်သာဆိပ်ကမ်းတံတားများသို့ မြစ်တွင်းကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ် မတ်လမှစတင်ခဲ့ရာ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် ရှစ်ခေါက်ပြေးဆွဲပြီး ကုန်သေတ္တာ ၆၄၀ လုံး၊ တန်ချိန်အားဖြင့် ၆၄၀၀ တန်၊ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၁ ခေါက်၊ ကုန်သေတ္တာ ၁၇၄၂ လုံး၊ တန်ချိန်အားဖြင့် ၁၇၄၂၀ တန်၊ ၂၀၁၈ ဘဏ္ဍာနှစ် (ကာလတို) ခြောက်လတွင် ၅၄ ခေါက်၊ ကုန်သေတ္တာ ၅၂၂၄ လုံး၊ တန်ချိန်အားဖြင့် ၅၂၂၄၀ တန်ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယခု ၂၀၁၀၈ -၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလအတွင်း ၁၉ ခေါက်ပြေးဆွဲနိုင်ခဲ့ပြီး ကုန်သေတ္တာ ၁၈၄၈ လုံး၊ တန်ချိန်အားဖြင့် ၁၈၄၈၀ တန်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မြစ်တွင်းကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုအား အတန်သင့်လျော့ချပေးနိုင်မည်ဖြစ်ပြီး ကုန်သေတ္တာပိုင်ရှင်များအနေဖြင့် ရေကြောင်းမှ သယ်ယူပို့ဆောင်ရခြင်းသည် ယခင်ထက် ကုန်ကျမှုပိုမိုသက်သာလာခြင်း အကျိုးရလဒ်များ ရရှိလာသည်ဟု သိရသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ကုန်စည်ပို့ဆောင်ရေးစနစ်အားသမားရိုးကျ ပို့ဆောင်သည့်စနစ် မှ ကုန်သေတ္တာဖြင့်ပို့ဆောင်သည့် Containerization အဖြစ် ဆောင်ရွက်နေပြီး ယာဉ်ကြောကျပ်တည်းမှုလျော့ချစေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးနှင့် သယ်ယူပို့ဆောင်မှုစရိတ်များ သက်သာစေရေးတို့အတွက် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရသည်။

ယင်းအပြင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ရန်ကုန်မြို့တွင်း ယာဉ်ကြောကြပ်တည်းမှုများ လျော့ချနိုင်ရန် ဝါးတန်း-ဒလ ဇက်ကူးတို့ရေယာဉ်အား ခေါက်ရေတိုးမြှင့်ပြေးဆွဲနေပြီဖြစ်ကြောင်း ဝါးတန်း-ဒလ ဇက်ကူးတို့ရေယာဉ်တိုးမြှင့်ပြေးဆွဲမှု တစ်နှစ်ပြည့်သတင်းစာရှင်းလင်းပွဲမှ သိရသည်။ ယင်းကဲ့သို့ ဝါးတန်း-ဒလမှတစ်ဆင့် တွံတေး လမ်းမကြီးအတိုင်း ဧရာဝတီတိုင်းဒေသကြီး မအူပင်၊ ကျိုက်လတ်၊ ဘိုကလေး၊ ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ လပွတ္တာမြို့အစရှိသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့ သွားရောက်ရာတွင် အချိန်ကြန့်ကြာမှုသက်သာသွားပြီး လက်ရှိတွင် ဘုရင့်နောင်တံတားအား ပြန်လည်ပြုပြင်နေချိန်ဖြစ်သဖြင့် ယခုကဲ့သို့ ဝါးတန်း-ဒလကူးတို့မှ သွားရောက်ခြင်းသည် ပိုမိုအချိန်ကုန်သက်သာစေမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ဇက်ကူးတို့ရေယာဉ်တင်ခနှုန်းထားများအနေဖြင့် အိမ်စီးကားအသေးတစ်စီးလျှင် ကျပ် ၂၅၀၀၊ ကျပ် ၃၀၀၀၊ နှစ်တန်မှ သုံးတန်ကြားတစ်စီးလျှင် ကျပ် ၄၀၀၀၊ သုံးတန်မှ ခြောက်တန်ကြားတစ်စီးလျှင် ကျပ် ၉၀၀၀ ကောက်ခံနေခြင်းဖြစ်ကြောင်းသိရသည်။ ယင်းအပြင် ပြည်တွင်းရေကြောင်းပို့ ဆောင်ရေးမှ ချယ်ရီသင်္ဘောများဖြင့် ရန်ကုန်-ဒလကူးတို့အား ပြေးဆွဲနေရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလကုန်အထိ ခြောက်လတာအတွင်း နိုင်ငံခြားသားခရီးသည်စီးနှင်းမှု နှစ်သောင်းကျော်ရှိကြောင်း သတင်းရရှိသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနသည် ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ချယ်ရီအမည်ရှိ ကူးတို့သင်္ဘောသုံးစင်းနှင့် ရန်ကုန်(ပန်းဆိုးတန်း) မှ ဒလမြို့သို့ ပြေးဆွဲပေးနေခြင်းဖြစ်သည်။ အဆိုပါ ကူးတို့ခရီးစဉ်အား ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှဒေသခံများသည် ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် ဒလမြို့နယ် သင်္ဘောဆိပ်မှတစ်ဆင့် ကူးသန်းသွားလာကြရခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/143855

## အာရှ-ပစိဖိတ် ကုန်သွယ်ရေးစာချုပ်ကြီးကို ၂၀၂၀ မှာ လက်မှတ် ရေးထိုးမည်ဟု ထိုင်းထုတ်ပြန်

ကြီးမားတဲ့ အာရှပစိဖိတ် ကုန်သွယ်ရေးစာချုပ်ကြီးတစ်ခုကို လာမယ့် ၂၀၂၀ မှာ သေချာပေါက် လက်မှတ်ရေးထိုးရန် အရှေ့တောင်အာရှ နိုင်ငံတွေအနေနဲ့ ရည်မှန်းထားကြောင်း ထိုင်းအစိုးရက ထုတ်ပြန်လိုက်ပါတယ်။ အဆိုပါစာချုပ်ကြီး ကတော့ ကမ္ဘာ့စုစုပေါင်း ဂျီဒီပီရဲ့သုံးပုံပုံတစ်ပုံကို လွှမ်းခြုံမယ့် အဓိကကုန်သွယ်ရေးအုပ်စုတစ်စုကိုလည်း ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

အဖွဲ့ဝင် ၁၆ နိုင်ငံပါ ဒေသတွင်း ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စာချုပ် RCEP နဲ့ ပတ်သက်လို့ နှစ်များစွာကြာ ညှိနှိုင်း ဆွေးနွေးမှုတွေမှာ ခိုင်မာတဲ့ပြီးပြတ်မှုတစ်ချို့ကို ဘန်ကောက်မှာရရှိလိမ့်မယ်လို့ အဖွဲ့ဝင်အများစုက မျှော်လင့် နေတယ်လို့သိရပါတယ်။ လက်ရှိမှာ အိန္ဒိယနိုင်ငံက သံသယရှိနေတယ်ဆိုပေမယ့်ယင်းအုပ်စုအနေနဲ့ အဆိုပါ စာချုပ်ကြီးနဲ့ ပတ်သက်လို့ ရှေ့ဆက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ထိုင်းအစိုးရက ထုတ်ပြန်သွားပါတယ်။ လက်ရှိမှာတော့ အာဆီယံ နိုင်ငံတွေက ခေါင်းဆောင်တွေဟာထိုင်းနိုင်ငံမှာရောက်ရှိနေကြပြီး ၁၅ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ အခြားဆက်စပ်အစည်းအဝေးတွေမှာ တက်ရောက်လျက်ရှိပါတယ်။

**Source:** https://www.cnbc.com/.../rcep-asia-pacific-trade-deal-to-be-s...

SFJ Strategy First Journal

## တစ်ပတ်အတွင်း ဒေါ်လာပေါက်ဈေး ၁၅ ကျပ်ကျ

အမေရိကန်ဒေါ်လာဈေးနှုန်းသည် အောက်တိုဘာလ ၂၉ ရက်နေ့မှ နိုဝင်ဘာ ၄ ရက်နေ့အထိ သီတင်းတစ်ပတ်အတွင်း ပြင်ပပေါက်ဈေး တစ်ဒေါ်လာလျှင် ၁၅ ကျပ်အထိ ကျဆင်းကြောင်း ငွေကြေးဈေးကွက်အတွင်းမှသိရသည်။ အောက်တိုဘာ လ ၂၉ ရက်နေ့က အရောင်း တစ်ဒေါ်လာလျှင် ကျပ် ၁၅၃၃ ကျပ်နှင့် အဝယ်တစ်ဒေါ်လာလျှင် ၁၅၃၀ ကျပ်ရှိခဲ့ရာမှ နိုဝင်ဘာ ၄ ရက်နေ့ အရောင်း တစ်ဒေါ်လာ ကျပ် ၁၅၁၈ ကျပ်နှင့် အဝယ်တစ်ဒေါ်လာလျှင် ကျပ် ၁၅၁၅ ကျပ်အထိ ဈေးကျဆင်း ခဲ့ကြောင်း ငွေလဲကောင်တာအချို့၏ စာရင်းများအရသိရသည်။ နိုဝင်ဘာဆို ကျလေ့ကျထရှိတယ်။ ပိတ်ရက်များပြီး ဝယ်လိုအားကျတဲ့ကာလမို့လို့လေ။ ထပ်ကျနိုင်သေးတယ်၊ ၁၅၁၀ လောက်အထိ ကျနိုင်တယ်ဟု Myanmar Sunflower ငွေလဲကောင်တာမှ ဒါရိုက်တာ ကိုအတူးလေးက ပြောဆိုသည်။

တစ်ပတ်အတွင်း ဒေါ်လာဈေးနှုန်းများသည် အောက်တိုဘာ ၃၀ ရက်နေ့အရောင်းတွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၃၀ ကျပ်၊ အဝယ်တစ်ဒေါ်လာလျှင် ကျပ် ၁၅၂၈ ကျပ်၊ အောက်တိုဘာ ၃၁ ရက်နေ့အရောင်းတွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၂၈ ကျပ်၊ အဝယ်တစ်ဒေါ်လာလျှင် ကျပ် ၁၅၂၆ ကျပ်၊ နိုဝင်ဘာ ၁ ရက်နေ့ အရောင်းတွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၂၇ ကျပ်၊ အဝယ်တစ်ဒေါ်လာလျှင် ကျပ် ၁၅၂၃ ကျပ်၊ နိုဝင်ဘာ ၂ ရက်နေ့အရောင်းတွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၂၄ ကျပ်၊ အဝယ် တစ်ဒေါ်လာလျှင် ကျပ် ၁၅၂၀ ကျပ်အထိ တဖြည်းဖြည်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဈေးကွက်ဈေးနှုန်းများအရ သိရသည်။ ဒေါ်လာဈေး နည်းနည်းကျဆင်းသွားတာက အခုက ရွှေဈေးနည်းနည်းတက်တယ်။ လက်ရှိက ပွင့်လင်းရာသီ ဖြစ်တော့ ဆန်၊ ပဲ၊ ပြောင်းတို့ အရောင်းအဝယ်ပြန်သွက်လာတယ်။ အဲဒီအတွက် ဒေါ်လာဖက် ပြန်ငြိမ်သွားတဲ့သဘောပါဟု စီးပွားရေး

လုပ်ငန်းရှင် ဒေါက်တာစိုးထွန်းကပြောကြားသည်။ ဒေါ်လာဈေးပြောင်းလဲမှုသည် နိဝင်ဘာလအတွင်း နံနက်ခင်းဈေး အဖွင့်ဈေးနှင့် အပိတ်ဈေးများ၌ပါ တစ်ရက်လျှင် မြန်မာငွေ ၅ ကျပ်ဝန်းကျင်အထိ ကျဆင်းလျက်ရှိပြီး နိဝင်ဘာလ ၄ ရက်နေ့ ညနေအထိအရောင်းတွင် တစ်ဒေါ်လာ ၁၅၁၈ ကျပ်နှင့် အဝယ်တစ်ဒေါ်လာလျှင် ၁၅၁၅ ကျပ်အထိ ကျဆင်းခဲ့ကြောင်း ငွေကြေးဈေးကွက်အတွင်းမှသိရသည်။

**Source :** The Voice

https://news.ydnp.net/305504/

## ထိုင်းနိုင်ငံ လန်ချာဘန်ဆိပ်ကမ်းမှ သီလဝါဆိပ်ကမ်းအထိ ကွန်တိန်နာယာဉ်များ အပြန်အလှန် သွားလာနိုင်ရေး ဆောင်ရွက်နေသဖြင့် သီလဝါ အထူးစီးပွားရေးဇုန်၏ တိုးတက်မှု ပိုမိုမြန်ဆန်လာမည်ဟုဆို

ထိုင်းနိုင်ငံ လန်ချာဘန်ဆိပ်ကမ်းမှ သီလဝါဆိပ်ကမ်းအထိ ကွန်တိန်နာယာဉ်များ အပြန်အလှန်သွားလာနိုင်ရေး ဆောင်ရွက်နေသဖြင့် သီလဝါအထူးစီးပွားရေးဇုန်၏တိုးတက်မှု ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ သီလဝါအထူးစီးပွားရေးဇုန်ကတော့ အတိုးတက် ဆုံးပေါ့။ သီလဝါက နိုင်ငံနှစ်ခုက အစိုးရနှစ်ခုက ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ မြန်မာရယ်၊ ဂျပန်ရယ်၊ ဒီအစိုးရနှစ်ခုက ဘာကို Provide လုပ်လဲဆိုတော့ လိုအပ်တဲ့အခြေခံအဆောက်အအုံပိုင်းကိုလုပ်တယ်။ ရေ၊ မီး၊ ဆိပ်ကမ်းတွေလုပ်ပေးတယ်။ လုပ်ပေးတဲ့အခါ ရင်းနှီးမြှုပ်နှံသူတွေရဲ့ အခြေခံလိုအပ်ချက်ကလည်း ဒါတွေပဲဖြစ်နေတယ်။ ဒါတွေပြည့်စုံတာနဲ့အမျှ ရင်းနှီးမြှုပ်နှံသူတွေက ရောက်လာတာတွေ့ရတယ်။ ဒါကြောင့်မို့ သီလဝါဟာဆိုရင် တိုးတက်လာတဲ့အခြေအနေရှိတယ်ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးကဆိုသည်။ ၃၀ ရက်ကဆိုရင် ထိုင်းနိုင်ငံ လန်ချာဘန်ဆိပ်ကမ်းကနေ သီလဝါဆိပ်ကမ်းအထိ ကွန်တိန်နာကားတွေ အပြန်အလှန်သွားဖို့ လုပ်နေတာရှိနေပါတယ်။ သီလဝါရဲ့အနာဂတ်က ပိုပြီးကောင်းလာတဲ့သဘောမှာ ရှိနေပါတယ်ဟု ၎င်းကဆက်လက်ပြောကြားသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် အထူးစီးပွားရေးဇုန်ဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ (MIC) က ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၌ ကုန်ထုတ်လုပ်မှုလုပ်ငန်း ရာခိုင်နှုန်း ၈၀ ကျော်ဖြင့် အများဆုံးဖြစ်ပြီး အရောင်း အဝယ်လုပ်ငန်း ကိုးရာခိုင်နှုန်းနီးပါးနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းတွင် ငါးရာခိုင်နှုန်းခန့်ပါဝင်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။ သီလဝါအထူးစီးပွားရေးဇုန်မှာ ကုမ္ပဏီများက လုပ်ငန်းလည်ပတ်လျက်ရှိတဲ့ စက်ရုံ အရေအတွက်များလာတာနဲ့အမျှ ရေနဲ့လျှပ်စစ်ဓာတ်အား အသုံးပြုနှုန်းကလည်း တိုးတက်လာမယ်လို့ မျှော်မှန်းထားပြီး အဲဒီလုပ်ငန်းတွေက ဝင်ငွေတိုးတက်လာမယ်လို့ သုံးသပ်ပါတယ်ဟု Myanmar Thilawa SEZ Holding & Public Co.,Ltd ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။ အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၆၂ ဒသမ ၂၈၀ သန်းဖြစ်ကြောင်း MIC မှသိရသည်။ အနာဂတ်ကာလမှာ စီးပွားရေးအရယှဉ်ပြိုင်မှုတွေ ပိုမိုပြင်းထန်လာနိုင်သော်လည်း သီလဝါအထူးစီးပွားရေးဇုန်ဟာ မြန်မာ–ဂျပန် နှစ်ဖက်အစိုးရအဖွဲ့များက ဇုန်နဲ့ဇုန်ပတ်ဝန်းကျင်မှာရှိတဲ့ အခြေခံ အဆောက် အအုံများ ဖွံ့ဖြိုးရေးဆောင်ရွက်နေတဲ့အတွက် သီလဝါအထူးစီးပွားရေးဇုန်ဟာ ရင်းနှီးမြှုပ်နှံသူများ စီးပွားရေးလုပ်ကိုင်ရန် အကောင်းဆုံးနေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမယ်လို့ ယုံကြည်ပါတယ်ဟု ဦးဝင်းအောင်က ဆက်လက် ပြောကြားသည်။

သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံများတွင် အမြဲတမ်းလုပ်သား ၉၀၀၀ ကျော်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းများ၌ လုပ်ကိုင်သူများအပါအဝင် စုစုပေါင်း ၂၀၀၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိသည်။ သီလဝါအထူးစီးပွားရေးဇုန် Zone A ၄၀၅ ဟက်တာကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် စီးပွားဖြစ်စတင်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းပေါင်း ၈၇ ခုကို ခွင့်ပြုမိန့် ထုတ်ပေးထားကာ Zone B ကို အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းပေါင်း ၁၈ ခု ခွင့်ပြုမိန့် ထုတ်ပေးထားပြီးဖြစ်သည်။ သီလဝါ အထူးစီးပွားရေးဇုန် Zone B ၏ တည်ဆောက်မှု အကျယ်အဝန်းမှာ ၂၆၂ ဟက်တာဖြစ်ပြီး အားလုံးမှာ စက်ရုံဧရိယာဖြစ်၍ ဆောက်လုပ်ရေးကို အပိုင်းသုံးပိုင်းခွဲခြားထားကြောင်း MTSH မှ သိရသည်။ အပိုင်း (၁) ၏ ဆောက်လုပ်ရေးကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီတွင် စတင်ခဲ့သည်။ အပိုင်း (၂) ၏ ဆောက်လုပ်ရေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင်

စတင်ခဲ့သည်။ Zone A နှင့် Zone B ၏ ဆောက်လုပ်ရေး အင်ဂျင်နီယာလုပ်ငန်းများကို Penta-Ocean Contruction Co,.Ltd ၊ လျှပ်စစ်မီးလုပ်ငန်းကို Kinden Corporation၊ ရေနှင့် မိလ္လာရေသန့်စင်မှုများကို Kubota Corporation Optical Fiber ကို KDDI မှ တာဝန်ယူထားကြောင်းသိရသည်။

**Source :** https://news-eleven.com/article/143486

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ဆန်ကားများဝင်ရောက်မှု ယခင်နှစ်ထက်လျော့နည်း

မြန်မာနိုင်ငံအတွင်း မန္တလေး၊ ရန်ကုန်၊ ပြည်၊ ဧရာဝတီ၊ ပဲခူး၊ ဒိုက်ဦး၊ ဖြူး၊ ညောင်လေးပင်၊ ရေဦး၊ ရွှေဘို စသည့် ဒေသများမှ ထွက်ရှိသောဆန်များကို မူဆယ်နယ်စပ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ကားကြီးကားလေး အသွယ်သွယ်ဖြင့်တင်ပို့လေ့ရှိရာ ယခုနှစ် ဆန်ကားဝင်ရောက်မှုမှာ ပြီးခဲ့သည့်နှစ် အလားတူကာလ ဆန်တင်ကားဝင်ရောက်မှုနှင့်နှိုင်းယှဉ်ပါက ဆန်ကားဝင်ရောက်မှု လျော့နည်းလျက်ရှိသည်။ တရုတ်ဘက်က မှောင်ခိုတားဆီးစီမံချက်တွေလုပ်ပါတယ်။ ဝင်လာတဲ့လမ်းကြောင်းတွေမှာ စောင့်ပြီးဖမ်းဆီးမှုတွေရှိသလို လမ်းကြောတစ်လျှောက်မှာ ကင်မရာတွေလည်းတပ်ထားတယ်။ အနီးအနားမှာ ရွာသူရွာသားတွေနဲ့ပေါင်းပြီး အစောင့်ချထားတာတွေလည်းရှိတယ်။ တရားမဝင်တင်ပို့ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး။ တရုတ်နိုင်ငံအနေနဲ့ သူတို့ဘက်မှာ ဘိန်းအစားထိုးခွဲတမ်းဆိုပြီးရှိတယ်။ တရုတ်နိုင်ငံ လိုအပ်ချက်အရ ပေးရတဲ့ခွဲတမ်းတွေရှိတယ်။ ဒါတွေကိုအခြေခံပြီး မြန်မာဘက်ကဆန်တွေကို ယူနေတာဖြစ်ပါတယ်။ တရားမဝင်တင်ပို့ခွင့်ရတာတောင် မြန်မာဘက်က ဆန်တစ်အိတ်ကို ကားခမပါ ယွမ် ၆၀ လောက် သူတို့ဘက်က ခွဲတမ်းကျလို့ လိုင်စင်ရထားတဲ့သူတွေကို ပေးရပါတယ်။ ဒါကြောင့် ဆန်ဈေးအနည်းငယ်တက်နေတာဖြစ်ပါတယ်။ ဆန်မှာ အတိုစ၊ အရှည်စဆိုပြီး နှစ်မျိုးရှိပါတယ်။ အတိုစကတော့ ပါမစ်လုံးဝမရှိပါဘူး။ ဆန်တင်ပို့မှုက ယခင်ထက် အများကြီးလျော့နေပါသေးတယ်ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဘိုဦးကပြောသည်။ ယခုနှစ်အတွင်း မူဆယ်မြို့နယ်စပ်သို့ ဆန်ကားများ ဝင်ရောက်နေသော်လည်း ယခင်နှစ်ထက်လျော့နည်းလျက်ရှိကြောင်း၊ လက်ရှိ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ဆန်များကိုတရားဝင်လမ်းကြောင်းမှ တစ်ဆင့် လိုင်စင်ဖြင့်တင်ပို့ခြင်းကို ခွင့်ပြုထားသော်လည်း ဆန်အလုံးအရှည်ပေါ်မူတည်ပြီး ကန့်သတ်ထားသဖြင့် ဆန်အမျိုးအစားအချို့မှာ လိုင်စင်ဖြင့် တရားဝင်သွားရန် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် အခက်အခဲရှိကြောင်း၊ ယင်းဖြစ်စဉ်နောက်ဆက်တွဲကြောင့် အရောင်းအဝယ်ဒိုင်များ၊ အလုပ်သမားများ၊ ကားသမားများသာမက မြန်မာနိုင်ငံတွင်း နေရာများမှ စပါးစိုက်တောင်သူများအတွက် အခက်အခဲဖြစ် ထိခိုက်နစ်နာကြရကြောင်း ဆန်ကုန်သည်များက သုံးသပ်ပြသည်။ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကို လယ်ယာထွက်ကုန်တွေ တင်ပို့မှုက အများဆုံးဖြစ်ပါတယ်။ ဆန် တင်ပို့မှုအနေနဲ့ မနှစ်က ၂၀၁၈-၂၀၁၉ ခုနှစ်တွေမှာ ဆန်တင်ပို့မှု တန်ချိန် စုစုပေါင်း ၄၇၇၀၀၀ တန်ဖိုး အားဖြင့် အမေရိကန် ဒေါ်လာ ၁၄၄ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၉ အောက်တို ဘာလမှာ ယာဉ်အစီးရေ ၁၅၁၈ နဲ့ ဆန်တန်ချိန် ၃၄၃၀၀ကျော် တန်ဖိုး အားဖြင့် ကန်ဒေါ်လာ ၉ ဒသမ ၄ သန်းဖိုး တင်ပို့နိုင်ပြီးတော့ ၂၀၁၈နှစ် အောက်တိုဘာလကတော့ ယာဉ်အစီး ရေ ၁၈၂၆စီးနဲ့ ဆန်တန်ချိန် ၄၃၂၀၀ ၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၅ သန်း ကျော် တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ မနှစ်ကနဲ့ဒီနှစ် အောက်တိုဘာလ တင်ပို့နိုင်မှုနှိုင်းယှဉ်မယ်ဆိုရင် တန်ချိန် ၈၉၀၀ လျော့နည်းပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၅ ဒသမ ၇ သန်း လျော့နည်းတဲ့ အခြေအနေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆန်တင်ပို့မှုက ပင်လယ်ရေကြောင်း တင်ပို့မှုကလည်းများလာတယ်။ ပြည်တွင်းဆန်လက်ကျန်ကလည်း နည်းသွားတာလည်းပါတယ်။ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီဆိုတာရှိပါတယ်။ ကော်မတီမှာတော့ ကုန်သွယ်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးဆောင်တဲ့အဖွဲ့နဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်တဲ့အဖွဲ့က နှစ်စဉ်ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ အခက်အခဲတွေကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကလည်း တစ်နှစ်တစ်ကြိမ် မြန်မာနိုင်ငံတစ်လှည့် တရုတ်နိုင်ငံမှာ တစ်လှည့်စီ အစည်းအဝေး ပြုလုပ်ဆွေးနွေးလျက်ရှိပါတယ်။ ဒီနှစ်မှာဆိုရင်လည်း တရုတ်နိုင်ငံ ရွှေလီမြို့မှာ (၁၄)ကြိမ်မြောက် တရုတ်-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းမှုကော်မတီအစည်းအဝေးတက်ရောက်ဖို့ရှိပါမယ်။ ဒီအစည်းအဝေးမှာ မြန်မာ နိုင်ငံက လယ်ယာထွက်ကုန်တွေဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာအစရှိတဲ့ သစ်သီးဝလံတွေကို အရောင်းအဝယ်ကိစ္စ ညှိနှိုင်းသွားဖို့ ဆောင်ရွက်လျက်ရှိပါတယ်ဟု ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဖြိုးဝေကပြောသည်။

**Source :** https://www.facebook.com/MYANMAALINNNEWS/posts/2406430069597487? __tn__= K-R

## ဒေသထွက်ဖရဲသီးများ အရောင်းအဝယ်ကောင်းလာ



တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မြိတ်မြို့၌ ဒေသထွက်ဖရဲသီးများ ဝယ်ယူသူများ၍ ဈေးကောင်းရရှိသဖြင့် ဖရဲသီးပင်များ စိုက်ပျိုးသူများပြားလာကြောင်း ဖရဲသီးပင်စိုက်ပျိုးသူများထံမှသိရသည်။ ပြီးခဲ့သည့် မိုးရာသီ ၌ ရေကြီးရေလျှံမှုကြောင့် စပါးခင်းများ ပျက်စီးခဲ့သဖြင့် စိုက်ပျိုးရာသီနောက်ကျခဲ့ပြီး ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သော ဖရဲသီးများကို ဦးစားပေးစိုက်ပျိုးရာ ဒေသထွက်ဖရဲသီးများ ဝယ်ယူသူများလာပြီး ဈေးကောင်းရရှိနေခြင်းကြောင့် ဖရဲသီးအပင်များ စိုက်ပျိုးသူများပြားလာခြင်းဖြစ်ကြောင်း ဖရဲစိုက်တောင်သူများထံမှသိရသည်။

ဖရဲသီးစိုက်ပျိုးမှု မြင့်တက်နေသော်လည်း မိုးများသောကြောင့် ယခင်လထက်တစ်လ နောက်ကျ ပြီးမှ စိုက်ပျိုးခဲ့ရာ ဖရဲသီးအထွက် တစ်လနောက်ကျသဖြင့် ဈေးနှုန်းလည်း ယခင်နှစ်ထက် အနည်းငယ်လျော့နိုင်ကြောင်း၊ မြိတ်ဈေးကွက်သို့ အခြားတိုင်းဒေသကြီးမှ ဖရဲသီးများဝင်လာခြင်းမရှိပါက ဒေသထွက်ဖရဲသီးများ ဈေးကောင်းရနိုင်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ဖရဲသီးဈေးကွက်တွင် တစ်လုံးလျှင် ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အထိ ဈေးနှုန်းကောင်းခဲ့ကြောင်းသိရသည်။

ဖရဲသီးစိုက်ပျိုးသူတွေက မနှစ်ကထက် ဒီနှစ်မှာ ပိုများလာတယ်။ဒီနှစ်မှာ ရေကြီးရေလျှံမှုဖြစ်ခဲ့လို့ စပါးစိုက်ခင်းတွေ ပျက်စီးသွားတော့ စပါးပြန်မစိုက်နိုင်တော့ဘဲ ရာသီပေါ်သီးနှံဖရဲသီးကိုပဲ ဦးစားပေးစိုက်ပျိုးလာကြတယ်။ ဖရဲသီးကလည်း ဘယ်လောက်ထွက်ထွက် ပူစရာမလိုဘူး။ ဈေးကောင်းရနေတယ်ဆိုတော့ စိုက်ပျိုးသူများတယ်'ဟု တနင်္သာရီမြို့နယ် မော်တုံးကျေးရွာ ဖရဲစိုက်တောင်သူ ဦးတင်ဌေးကပြောသည်။ ယင်းဖရဲသီးများကို တနင်္သာရီမြို့နယ်၌ နှစ်စဉ်ဇူလိုင်လတွင် စိုက်ပျိုးခြင်းဖြစ်ပြီး စက်တင်ဘာလကုန်၌ ခူးဆွတ်ကြောင်းသိရသည်။

ယခုနှစ်တွင် စက်တင်ဘာလ၌သာ စတင်စိုက်ပျိုးခဲ့ရသဖြင့် နိုဝင်ဘာလဆန်းပိုင်းတွင်သာ ခူးဆွတ် နိုင်မည်ဖြစ်ကြောင်း ဖရဲစိုက်တောင်သူများထံမှသိရသည်။ တနင်္သာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာ၌ ဖရဲသီးပင်စိုက်ပျိုးသူ ၁၀ ဦးသာရှိပြီး ယခုနှစ်တွင် ဖရဲသီးစိုက်ပျိုးသူ ၃၀ နီးပါးရှိသည်။ ဖရဲသီးကို တနင်္သာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာ၌ အဓိကအများဆုံးစိုက်ပျိုးပြီး အခြားကျေးရွာ၌ အနည်းငယ်သာ စိုက်ပျိုးကြကြောင်း ဖရဲစိုက်တောင်သူများထံမှသိရသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2465-local-watermelon-sales-are-good.html

## အခြေခံဈေးဖြင့် စပါးဝယ်ရန် တိုင်း ၂ ခုကို ကျပ် ၁၃ ဘီလီယံ ထုတ်ပေးမည်

အခြေခံဈေးဖြင့် စပါးဝယ်ရန် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းကို ကျပ် ၁၃ ဘီလီယံ ထုတ်ပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ ဝယ်ယူရေးအစီစဉ်ကို လုပ်တဲ့အခါ ပြည်နယ်တိုင်းက ဝန်ကြီးတွေအကုန်ဖိတ်ပြီး ဘယ်တိုင်းက ဝယ်ယူဖို့လိုမလဲဆိုတာ ဆွေးနွေးပါတယ်။ သူတို့ပြောတာ ၃ ခုပဲရှိတယ် ရန်ကုန် ၊ ဧရာဝတီနဲ့ ပဲခူးတိုင်းပါ။ ရန်ကုန်တိုင်းကတော့ အစိတ်အပိုင်းလေးတစ်ခုပဲ အကုန်လုံးမဟုတ်ဘူး။ ဒါပေမယ့် ဝန်ကြီးချုပ်နဲ့တွေ့တဲ့အခါမှာ ရန်ကုန်တိုင်းမှာတော့ ဝယ်ဖို့မလိုလောက်ဘူးဆိုပြီးပြောပါတယ်။ အဲ့တော့ ၂ ခုကျန်တယ်ဟု ၎င်းကပြောသည်။ လက်ရှိတွင် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ထံသို့ အခြေခံဈေးဖြင့် စပါးဝယ်ယူပေးရန် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့က တင်ပြ

ထားကြောင်းသိရသည်။ ယခုနှစ် မိုးစပါးနှင့် ၂၀၂၀ နွေစပါးအတွက် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ သတ်မှတ်ထားသည့် စပါးတင်း (၁၀၀) လျှင် (၅)သိန်းနှုန်းအောက် ကျဆင်းမည်ဆိုပါက အစိုးရက ငွေစိုက်ထုတ်ဝယ်ယူပေးရန် ကျပ် ၁၅ ဘီလီယံသတ်မှတ်လျာထားပြီး အဆိုပါ ၁၅ ဘီလီယံကိုလည်း ထုတ်ထားပြီးပြီဖြစ်သောကြောင့် အဆင်သင့်ရှိသည်ဟုဆိုသည်။

စပါးဝယ်ယူပေးရန် လိုအပ်သောသောကြောင့်ပဲခူးတိုင်းက ပြီးခဲ့သည့် အပတ်ထဲတွင် စပါးဝယ်ယူရန်အတွက် ၈ ဘီလီယံခွဲပေးရန် တောင်းဆိုထားသည်ဟုဆိုသည်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ စည်းမျဉ်းစည်းကမ်းတွေချဖို့ဆိုပြီးတော့ မကြာခင်ကာလ တစ်ပတ်လောက်အတွင်းမှာပဲ အစည်းအဝေးခေါ်ပါမယ်။ သူတို့လိုချင်တဲ့ပိုက်ဆံကို ကျွန်တော်တို့ ထုတ်ပေးမယ်၊ ဒါကို ဘယ်လိုပြန်ဆပ်ရမယ်ဆိုတာတော့ ကျွန်တော်တို့လုပ်ပါ့မယ်၊ လုပ်ပြီးတဲ့အခါ ဒီပဲခူးတိုင်းရဲ့ အစီအစဉ်နဲ့ ဝယ်ယူဖို့ပါ။ ဧရာဝတီတိုင်းကတော့ အခုထိတော့ မဆက်သွယ်လာသေးဘူး၊ အကြမ်းမျဉ်းတော့ သူတို့အတွက်က ၅ ဘီလီယံလောက် လိုမယ်ဆိုပြီးပြောပါတယ်၊ အဲ့တော့ ၈ ဘီလီယံနဲ့ ၅ ဘီလီယံ ဆိုတော့ ၁၃ ဘီလီယံ ကျွန်တော်တို့ ထုတ်ထားတဲ့ ပိုက်ဆံနဲ့တော့ လုံလောက်မှုရှိပါတယ်၊ လုံလောက်မှုရှိတော့ တကယ်ဖြစ်လာရင် ကျွန်တော်တို့ဝယ်ဖို့ကတော့ အဆင်သင့်ပါဘဲဟု ဦးအောင်ထူးကပြောသည်။

စပါးဈေး အစိုးရသတ်မှတ်ထားသည့်နှုန်းအောက် ရောက်ရှိနေသောဒေသများတွင် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ဝယ်ယူရေးအစီအစဉ်များ လုပ်ဆောင်နေကြောင်းသိရသည်။ ထို့ပြင် အစိုးရက ငွေစိုက်ထုတ်၍ စပါးဝယ်ယူမည့်အစီအစဉ်တွင် ဝယ်ယူပြီးပါကလည်း ယင်းစိုက်ထုတ်ထားသည့် ရန်ပုံငွေ၊ ပြန်ဆပ်ရမည့် စည်းမျဉ်းစည်းကမ်းများအား ဆွေးနွေးသွားမည်ဖြစ်ပြီး ပြန်ဆပ်ရမည့်ကာလကို သတ်မှတ်သွားမည်ဟုဆိုသည်။ ဝယ်တာကတော့ သက်ဆိုင်ရာပြည်နယ်နဲ့တိုင်းဒေသကြီးကနေ ဝယ်ဖို့ဖြစ်ပါတယ်၊ ဝယ်ယူခွင့်နဲ့ ပတ်သက်လို့လည်း သူတို့ကိုစီမံချက်နဲ့ပတ်သက်လို့ တင်ခိုင်းထားတာရှိပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေက စီမံချက်တွေ အကုန်လုံးတင်ထားတာရှိပါတယ်။ အဲ့ဒီစီမံချက်အတိုင်း သူတို့က အကောင်အထည်ဖော်သွားမှာပါဟုဆိုသည်။ လက်ရှိအခြေခံ ရည်ညွှန်းဈေးဖြင့် ရောင်းချရန်အခက်အခဲရှိသော နေရာဒေသများတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင် စီစဉ်မှုဖြင့် ဦးဆောင်အဖွဲ့က ဖွဲ့စည်းပေးထားသော လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့နှင့် ဆန်စပါးဝယ်ယူရေးအဖွဲ့များမှ ဝယ်ယူရေးကို ဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိကြောင်းသိရသည်။ ထို့ပြင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့်လည်း ယင်းနှင့်ဆက်စပ်သော ဝယ်ယူရေးနှင့်သိုလှောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/fifthwavenews/posts/530736764323719?__tn__=K-R

## STOCK EXCHANGE (5.11.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th Nov. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 2,653 | 30,509,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 3,006 | 11,873,700 | 38,929,150 | 153,770 |
| MCB | 00003 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 8 | 64,800 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 143 | 3,289,000 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 16 | 48,000 | 12,823,224 | 38,470 |

## Market summary

As of 5th Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 471.14 | -0.76 | -0.16% | 471.90 | 471.90 | 471.14 | 5,826 | 45,785,000 | 5 | 645,142 |

### Index chart




# Market Overview

As of 1:00 pm, 5th Nov. 2019

| MYANPIX | 471.14 ▼0.76 |
|---|---|
| Total Volume (shares) | 5,826 |
| Total Value (MMK) | 46 mil |
| Listed Company | 5 |
| Market Cap. (MMK) | 645,142 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲0 |
| MTSH | 00002 | 3,950 | ▲0 |
| MCB | 00003 | 8,100 | ▼100 |
| FPB | 00004 | 23,000 | ▲0 |
| TMH | 00005 | 3,000 | ▲0 |